## Highlights from DVB Debate's Free and Fair Elections

## 26 September 2015

## "What's the importance of Free and Fair Elections?"

"ကျနော်တို့ကိုစောင့်ကြည့်နိုင်တယ်။ ဒီတခေါက်ရွေးကောက်ပွဲက အဆင့်မြင့်ဆုံးပဲ။ ကျနော်တို့ လျှော့ပေးသင့်တဲ့ ဥပဒေတွေ လျှော့ပေးတယ်။ ဒီကော်မရှင်က အပွင့်လင်းဆုံးပဲ"

ဦးရဲမြင့် - ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်

---

"မဲစာရင်းများတာတွေဟာ ဆော့ဖ်ဝဲအမှားလို့ပြောတယ်။ ဒါမျိုးတွေမဖြစ်အောင် မဲစာရင်းတွေမလုပ်ခင် ကြိုတင် သုတေသနလုပ်သင့်တယ်။ ကိုယ့်နိုင်ငံနဲ့ညီသလား၊ ကိုက် မကိုက် စမ်းသပ်သင့်တယ်။ ပထမတခါပုံစံတခု၊ ဒုတိယတခါ ပုံစံတခုဆိုကတည်းက သေချာ စမ်းသပ်မလုပ်ခဲ့တာ"

ဒေါ်ထုမေ - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း(ရခိုင်အမျိုးသားပါတီ)

---

"ပြီးပြည့်စုံတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ကတော့ မလွယ်သေးဘူး၊ ကျနော်တို့နိုင်ငံက ဒီမိုကရေစီမရသေးဘူး။ ရဖို့ အသည်းအသန်ကြိုးစားနေရတုန်း ပြည်သူလူထုရဲ့ နိုင်ငံရေး ရေချိန်ကိုလည်း ဆွဲတင်ရမယ်"

ဦးပိုက်တင် - အမျိုးသားတိုးတက်ရေးပါတီ မူဝါဒရေးရာအကြံပေး

---

"လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီသည် ၂၀ ရာခိုင်နှုန်း မဲအနိုင်ရရင် တပ်မတော်သား ၂၅ ရာနှုန်းနဲ့ပေါင်းပြီး အစိုးရဖွဲ့နိုင်နေပြီ။ ဒီအခြေအနေတွေအရကို လွတ်လပ်ပြီးတရားမျှတမှုဆိုတာ မရှိနိုင်ဘူး နောက် ကော်မရှင်ကိုပေးထားတဲ့ အာဏာဟာ အကြွင်းမဲ့အာဏာဖြစ်နေတယ်။"

ဦးကိုနီ - တရားလွှတ်တော်ရှေ့နေ

"ကျနော်ကဒါကိုတော့ သဘောမတူဘူး။ အန်အယ်လ်ဒီအနေနဲ့ မဲ ၅၂ ရာနှုန်းမပြည့်လဲ တခြားသူတွေနဲ့ပေါင်းပြီး အစိုးရဖွဲ့နိုင်မှာပဲ"

ဦးပိုက်တင် - အမျိုးသားတိုးတက်ရေးပါတီ မူဝါဒရေးရာ အကြံပေး

---

“မဲရေတွက်တာနဲ့ သက်သေခံလက်မှတ်ကိစ္စတွေက ရွေးကောက်ပွဲ တရားမျှတပြီး လွတ်လပ်မှုအတွက် အဓိကကျတယ်။ မဲရုံမှူးတွေ ဘယ်လောက်သမာသမတ်ကျလဲ? ဘက်လိုက်မှုမရှိဖို့ အရေးကြီးတယ်”

ဦးကြီးမြင့် - အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

---

“လတ်တလောမှာ မီးရထားဝန်ကြီးဌာနကဝန်ထမ်းတွေနဲ့ သူတို့မိသားစုတွေရဲ့ မဲစာရင်းတောင်းတာတွေကြားနေရတယ် ဒါတွေဟာ မှုမမှန်ဘူး”

ဦးနေဝင်း - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

---

“အခုအချိန်ထိ တပ်မဲစာရင်းကိစ္စတွေ ထုတ်ပြန်တာမတွေ့သေးဘူး ဘာလို့ပါလဲ”

ဒေါ်ခင်စန္ဒာ - ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ

---

“ကျမတို့ အမ်း မှာဆိုရင် တပ်မဲစာရင်း ၇ သောင်းကျော် လက်ရေးမှုတွေနဲ့ရေးထားတာ တွေ့ခဲ့ရတယ်။ ဒီ တပ်မဲစာရင်းတွေ လျော့မလား တိုးမလား ကော်မရှင်တာဝန်ရှိသူတွေမေးတော့လည်း သေချာ မဖြေနိုင်ဘူး။ အမ်းမှာဆိုလည်း တပ်အင်အားများတယ်”

ဒေါ်ထုမေ - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း(ရခိုင်အမျိုးသားပါတီ)

---